**၁၉၄၈ ခုနှစ်၊ နိုင်ငံတော်စာရင်းစစ်ချုပ်အက်ဥပဒေ။**

၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၇ ။

၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။

(၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအက်ဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်စာရင်းစစ်ချုပ်ရာထူးဆိုင်ရာ စည်းကမ်းချက်များကိုတရားဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည် ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၄၈ ခုနှစ်၊ နိုင်ငံတော် စာရင်းစစ်ချုပ် အက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ ။ (၁) နိုင်ငံတော်စာရင်းစစ်ချုပ်အား၊ လစဉ် လစာငွေကျပ် ၁၈၀၀ ပေးရမည်။

(၂) နိုင်ငံတော်စာရင်းစစ်ချုပ်ရာထူးဆိုင်ရာ အခြားစည်းကမ်းချက်များသည် ဤကိစ္စအတွက် နိုင်ငံတော်သမတကပြုသောနည်းဥပဒေများဖြင့် သတ်မှတ်သည့်စည်းကမ်းချက်များဖြစ်ရမည်။

၃။ ။ နိုင်ငံတော်စာရင်းစစ်ချုပ်သည် ပြည်ထောင်စု၏ ငွေစာရင်းများ၊ ထို့ပြင်ပြည်ထောင်စု၌ တစိတ်တဒေသအဖြစ်ပါဝင်သော ပြည်ထောင်စုအဖွဲ့ဝင်များ၏ ငွေစာရင်းများနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေဖြင့်ဖြစ်စေ၊ တည်ဆဲတရားဥပဒေအရ ဖြစ်စေ၊ ပြုသော နည်းဥပဒေများဖြင့် သတ်မှတ်သော တာဝန်ဝတ်တရားအားလုံးကို ဆောင်ရွက်ရမည့်အပြင်၊ ထိုကဲ့သို့ သော အာဏာများကိုလည်းသုံးစွဲရမည်။

၄။ ။ ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စု၌ တစိတ်တဒေသအဖြစ်ပါဝင်သော ပြည်ထောင်စုအဖွဲ့ဝင်များ၏ ငွေစာရင်းများကို နိုင်ငံတော်သမတ၏ အတည်ပြုချက်ကိုယူ၍ နိုင်ငံတော်စာရင်းစစ်ချုပ်က သတ်မှတ်သော ပုံစံအတိုင်းထားရှိရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်။

နိုင်ငံတော်ယာယီသမတ။

၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။

(၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်။)

[အမှတ် ၅၈]